# တြိရတနသဗ္ဗဇေယျ

# မင်္ဂလာ

# ဂါထာတော်များ

စီစဉ်သူ - ဦးနု (သခင်နု)

ဥက္ကဋ္ဌ - ပိဋကဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့

၃

၂၃၄ ၂၁

# တြိရတန သမ္ဗေဇယျ

# မင်္ဂလာ

## ဂါထာတော်များ

စီစဉ်သူ–ဦးနု (သခင်နု)
ဥက္ကဋ္ဌ–ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | .... | ၁ |
| ၂။ | အမှာစာ | .... | ၅ |
| ၃။ | ဂါထာတော်များ | .... | ၇ |
| ၄။ | အဓိဋ္ဌာန်ပြုခြင်း | .... | ၁၂ |
| ၅။ | အနန္တငါးပါးကို တိုင်တည်၍ မေတ္တာပို့ခြင်း (၇)မျိုး | .... | ၁၄ |
| ၆။ | ဆုတောင်း | .... | ၂၂ |
| ၇။ | ဗောဇ္ဈင်္ဂသုတ် မြန်မာပြန် | .... | ၂၂ |
| ၈။ | ရတနာသုံးပါးကို အဆုံးတိုင် ဆည်းကပ် ကိုးကွယ်ခြင်း (၂၁)ချက် | .... | ၂၉ |
| ၉။ | ဘုရားဂုဏ်တော် ၉-ပါးကို ၉-ရက် ၉-လီ ၈၁-ရက် အဓိဋ္ဌာန် ပုတီးစိပ်နည်း | | ၄၈ |
| ၁၀။ | အချက်ပေါင်း ၉-ချက်ပါဝင်သော လမ်းစဉ် | .... | ၄၉ |
| ၁၁။ | ဂုဏ်တော်ကွန်ချာ ၉-ပုဒ် | .... | ၅၁ |
| ၁၂။ | အစိန္တေယျဗုဒ္ဓဂုဏာစ္ဆရ ဆုတောင်းမန္တန် | | ၇၀ |
| ၁၃။ | အနက်မြန်မာပြန် | .... | ၇၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ပုဗ္ဗဏှသုတ်ပရိတ်တော်မှ ရတနာသုံးပါး ဆိုင်ရာအမှန် စကားဖြင့် တိုင်တည်ခြင်း | ၇၄ |
| ၁၅။ | ပုဗ္ဗဏှသုတ်ပရိတ်တော်မှ ရတနာသုံးပါးကို တိုင်တည်၍ မေတ္တာပို့ခြင်း .... | ၇၇ |
| ၁၆။ | ပုဗ္ဗဏှသုတ်ပရိတ်တော်မှ မြတ်စွာဘုရား၏ မာရ်ငါးပါး အောင်တော်မူခြင်းကို တိုင်တည်၍ မေတ္တာပို့ခြင်း .... | ၇၉ |
| ၁၇။ | ပုဗ္ဗဏှသုတ်ပရိတ်တော်မှ ကောင်းသော အလုပ်ဖြင့် ကောင်းသော အကျိုးများ ရရေးကို တိုက်တွန်းခြင်း .... | ၈၁ |
| ၁၈။ | မေတ္တာပို့ဆုတောင်း .... | ၈၃ |
| ၁၉။ | အထူး အမျှဝေစာတမ်း .... | ၈၅ |
| ၂၀။ | အထူးမှာကြားချက် .... | ၈၈ |

# နိဒါန်း

လောကတွင် ဘာအရေးအကြီးဆုံးလဲ။

မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကို ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးသည် လူ, နတ်, ဗြဟ္မာတို့အတွက် လောကတွင် အရေးအကြီးဆုံး ဖြစ်သည်။

ဘာကြောင့် အရေးအကြီးဆုံး ဖြစ်သလဲ။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရသဖြင့် နိဗ္ဗာန်ကို မျက်မှောက်မပြုရသရွေ့ ဘဝပေါင်းများစွာ တစ်ဘဝပြီး တစ်ဘဝ အဆက်မပြတ် ဖြစ်နေရမည်။

လူ, နတ်, ဗြဟ္မာ သတ္တဝါတွေအတွက် ယခုကဲ့သို့ တစ်ဘဝပြီး တစ်ဘဝ ဖြစ်ခဲ့ရသော ဘဝပေါင်းသည် မည်မျှများပြားသည်ကို ဂဏန်းနှင့် ရေတွက်မပြနိုင်ပါ။ "ဓမ္မပဒ" (ဂါထာ ၁၅၄) တွင် မြတ်စွာဘုရား ဟောကြားထားခဲ့သော ဥပမာကို ဖတ်ရှုရလျှင် သတ္တဝါတိုင်း ကျင်လည်ခဲ့ရသော ဘဝပေါင်း မည်မျှများပြားသည်ကို သဘောပေါက်နိုင်မည်။

မြတ်စွာဘုရားသည် အာဠဝီပြည် အဂ္ဂါဠဝ စေတီအနီးရှိ ကျောင်းတော်တွင် သီတင်းသုံးတော်မူနေစဉ် သမီးကလေး သေဆုံးသွားသဖြင့် မျက်ရည်စက်လက်ဖြင့် ငိုကြွေးပူဆွေးနေသော ရက်ကန်းသည် တစ်ယောက်သည် မြတ်စွာဘုရားထံသို့ လာရောက်ပြီး သူ့အား ပူဆွေးခြင်းမှ လွတ်မြောက်အောင် ကယ်မတော်မူပါဘုရားဟု လျှောက်ထားသည်၊ ထိုအခါ မြတ်စွာဘုရားက "ချစ်သား သင်သည် မျက်ရည်ကျရတာ အခု အကြိမ်ဟာ ပထမအကြိမ် မဟုတ်ဘူး၊ အစမထင်အောင် ရှည်လျားလှတဲ့ သံသရာတစ်လျှောက်လုံးမှာ အခုလိုဘဲ မျက်ရည်ကျခဲ့ရဖူးတာတွေဟာ အကြိမ်ပေါင်းများလှပြီ၊ များလွန်းလှတဲ့ အတွက် ဂဏန်းနှင့်ချပြလို့ မရနိုင်ပါ၊ ဥပမာနှင့်သာ ယခုလို ပြနိုင်ပါသည်၊ မိမိကိုယ်တိုင် ဒုက္ခရောက်ခဲ့ရတဲ့ အတွက်၊ မိမိနှင့်ချစ်တဲ့လူတွေ ဒုက္ခရောက်ခဲ့ရတဲ့အတွက် ချစ်သား ကျခဲ့ရတဲ့ မျက်ရည်တွေကို စုဆောင်းထားလို့များ ရနိုင်မယ်ဆိုလျှင် အဲဒီမျက်ရည်တွေဟာ သမုဒ္ဒရာကြီး လေးစင်းထဲက ရေတွေထက်တောင် များလိမ့်အုံးမယ်" ဟု မိန့်ကြားတော်မူခဲ့ဖူးပါသည်။

ယခုလို ဖြစ်ခဲ့ရသည့် ဘဝပေါင်း မြောက်မြားစွာမှာ မွေးဖွားခဲ့ရသော ဒုက္ခ၊ မွေးပြီးနောက် အိုခဲ့ရ နာခဲ့ရ သေခဲ့ရ ချစ်သူနှင့် ကွဲခဲ့ရသော ဒုက္ခ၊ စိတ်မချမ်းမသာ

ဖြစ်ခဲ့ရမှု ဒုက္ခ၊ ပူဆွေးငိုကြွေးရမှုဒုက္ခတွေဟာ ပြောလို့ မလွတ်နိုင်ပါဘူး။

ထိုထိုဒုက္ခတွေအပြင် ထပ်ဆင့်ပြီး ဖြစ်ပေါ်လာသော ဒုက္ခတွေ အနေနှင့်ဆိုလျှင်လည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟူသော အပါယ်လေးဘုံသို့ ကျရသော ဒုက္ခ တွေကလည်း မနည်းလှပေ။

ထိုမျှ များပြောင်လှသည့် ဒုက္ခများမှ လွတ်မြောက် ရန်အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်များကို ရကြပြီး နိဗ္ဗာန်ကို လျင်လျင်မြန်မြန် မျက်မှောက်ပြုနိုင်အောင် အထူးကြိုးစား ကြရန် ရဟန်းတော်များ လူပညာရှိများက မည်သို့ပင် တိုက်တွန်းကြစေကာမူ လူအတော်များများမှာ သံဝေဂ မထင်နိုင်ကြချေ၊ အကြောင်းအကျိုး အမျိုးမျိုးပြလျက် ဝိပဿနာတရားကို အားမထုတ်ကြဘဲ၊ မဂ်ဖိုလ်နှင့်လွဲအောင် ရှောင်ကွင်းပြေးလွှား၍ နေတတ်ကြပါသည်။

သို့ဖြစ်ရာ ဝိပဿနာတရားကို အားထုတ်ရန် ဝန်လေး နေကြသူများအတွက် ယခု မကြာမီ မြင်တွေ့ကြရမည် ဖြစ်သော ဂါထာများကို ရှာဖွေစုဆောင်း၍ တင်ဆက် လိုက်ရခြင်း ဖြစ်ပါသည်။

ထိုဂါထာများကို နေ့စဉ်မှန်မှန် ရွတ်ဖတ်ကြသူများ အတွက် မဂ်ဖိုလ်နိဗ္ဗာန်ဆိုသော အသံတွေကို မကြာမကြာ ကြားနေရသဖြင့် ထိုကုသိုလ်ကံများသည် အာစိဏ္ဏကံ

ကုသိုလ်ကံများ ဖြစ်လာကြမည်၊ ထိုအာဝဇ္ဇာကံ ကုသိုလ်ကံများသည် နေ့စဉ်မှန်မှန် ရွတ်ဖတ်သောသူများအား ဘဝပြောင်းခါနီးတွင် မကောင်းသော ဘဝများသို့ တိမ်းပါး ကျရောက်မသွားရလေအောင် တားဆီးနိုင်သည့် အဟန့်အတားကောင်းများ ဖြစ်လာနိုင်ပါမည်။

ယခုဘဝတွင် ကမ္မဋ္ဌာန်း ရှိသောတစ်ခုခု ဝိပဿနာတရားကို အားမထုတ်နိုင်ကြသော ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ကောင်းကျိုးအနန္တအတွက် ထိုဂါထာတော်များကို နေ့စဉ်နေ့တိုင်း မပျက်မကွက် ဆက်လက်ရွတ်နိုင်ကြပါစေ၍ ကျွန်တော်တို့ အားဇမ္ဗူ မိသားစုတို့က ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မိမိတို့၏ ကိုယ်ကျိုးအတွက် အာဝဇ္ဇာကံ ကုသိုလ်ကံများ အများဆုံး ပွားများနိုင်ကြပါစေသောဝ်။ ။

# တြိရတန သဗ္ဗဇေယျ မင်္ဂလာ
# ဂါထာတော်များ
## "အမှာစာ"

ဤဂါထာတော်များ မန္တန်တော်များသည် တန်ခိုး အာနိသင် အလွန်ကြီးမားကြသည်၊ ရိုရိုသေသေ စွဲစွဲ မြဲမြဲ တည်တည်ကြည်ကြည် ရွတ်ဖတ်ကြသူများအား ယခု မျက်မှောက်ဘဝတွင်သာမက အို, နာ, သေ, ကွဲ အစရှိ သော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်များကို ရရှိကြသည်အထိ ဘဝပေါင်း များစွာ အကျိုးပေးနိုင်သော ဂါထာတော်များ မန္တန် တော်များ ဖြစ်ကြသည်။

အနည်းဆုံး တပ်နေ့လျှင် တစ်ကြိမ်ကျစီ ရွတ်ပါ။

ပါဠိကို နားလည်သူများအတွက် ပါဠိ နှင့် မြန်မာပြန် ရှိသည့်အနက် ကြိုက်ရာကို ရွတ်ပါ။

ပါဠိကို နားမလည်ကြသေးသူများအတွက် ရှေးဦးစွာ မြန်မာပြန်ကို ရွတ်ကြစေချင်သည်၊ ပါဠိကို နားလည် လာကြသော အချိန်တွင်မူကား မိမိတို့ကြိုက်ရာကို ရွတ် ဖတ်နိုင်ပါသည်။

*

# တြိရတန သဗ္ဗဇေယျ မင်္ဂလာ ဂါထာတော်များ

## အခန်း (၁)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ယေ စ ဗုဒ္ဓါ အတီတာ စ၊
ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အတိတ်ကမ္ဘာ ရှေးအခါက ပွင့်တော်မူလေကုန်ပြီးသော ဘုရားရှင်တို့သည်လည်းကောင်း၊ အနာဂတ်ကမ္ဘာ နောင်အခါ၌ ပွင့်တော်မူလတ္တံ့ကုန်သော ဘုရားရှင်တို့သည် လည်းကောင်း၊ ယခုရောက်လာ ဘဒ္ဒကပ်ကမ္ဘာ၌ ပွင့်တော်မူလာကြကုန်သော ဘုရားရှင်တို့သည် လည်းကောင်း ထင်ရှားမသေ့ ရှိကြပေကုန်၏။ ထိုဆိုအပ်ခဲ့ပြီး အသီးသီးသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို တပည့်တော် (တပည့်တော်မ) သည် အခါမဆိုင်း နေ့ရှိတိုင်း သာလျှင် ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ ယေ စ ဓမ္မာ အတီတာ စ၊
ယေ စ ဓမ္မာ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဓမ္မာ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အတိတ်ကမ္ဘာ ရှေးအခါက ဖြစ်ပေါ်တော်မူကြကုန်ပြီးသော တရားတော်မြတ်တို့သည်လည်းကောင်း၊ အနာဂတ် ကမ္ဘာ နောင်အခါ၌ ဖြစ်ပေါ်တော်မူလတ္တံ့ကုန်သော တရားတော်မြတ်တို့သည်လည်းကောင်း၊ ယခုရောက်လာ ဘဒ္ဒကပ်ကမ္ဘာ၌ ဖြစ်ပေါ်တော်မူလာကြကုန်သော တရားတော်မြတ်တို့သည်လည်းကောင်း ထင်ရှားမသေ့ ရှိကြပေကုန်၏။ ထိုဆိုအပ်ခဲ့ပြီး အသီးသီးသော တရားတော်မြတ်ကြီးတို့ကို တပည့်တော် (တပည့်တော်မ) သည် အခါမဆိုင်း နေ့ရှိတိုင်းသာလျှင် ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ ယေ စ သံဃာ အတီတာ စ၊
ယေ စ သံဃာ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ သံဃာ။
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အတိတ်ကမ္ဘာ ရှေးအခါက ဖြစ်ပေါ်တော်မူကြကုန်လေပြီးသော သံဃာတော်မြတ် တို့ သည် လည်း ကောင်း၊ အနာဂတ်ကမ္ဘာ နောင်အခါ၌ ဖြစ်ပေါ်တော်မူလတ္တံ့ကုန်သော သံဃာတော်မြတ်တို့သည်လည်းကောင်း၊ ယခုရောက်လာ ဘဒ္ဒကပ်ကမ္ဘာ၌ ဖြစ်ပေါ်တော်မူလာကြကုန်သော သံဃာတော်မြတ်တို့သည်လည်းကောင်း ထင်ရှားမသေ့ ရှိကြပေကုန်၏၊ ထိုဆိုအပ်ခဲ့ပြီး အသီးသီးသော သံဃာတော်မြတ်ကြီးတို့ကို တပည့်တော် (တပည့်တော်မ)

သည့် အခါမဆိုင်း နေ့ရှိတိုင်းသာလျှင် ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

နှစ်ကြိမ်မြောက်လည်း တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

နှစ်ကြိမ်မြောက်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက်လည်း တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

သုံးကြိမ်မြောက်လည်း သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅။ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) ၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊ မြတ်စွာဘုရားမှတစ်ပါး တပည့်တော်(တပည့်တော်မ)မှာကိုးကွယ်ရာမရှိပါဘုရား။

တရားတော်မြတ်သည် တပည့်တော်(တပည့်တော်မ) ၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ တရားတော်မြတ်မှ တစ်ပါး တပည့်တော် (တပည့်တော်မ) မှာ ကိုးကွယ်ရာ မရှိပါဘုရား။

သံဃာတော်မြတ်သည် တပည့်တော်(တပည့်တော်မ) ၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ သံဃာတော်မြတ်မှ တစ်ပါး တပည့်တော် (တပည့်တော်မ)မှာ ကိုးကွယ်ရာ မရှိပါဘုရား။

ဒုတိယမ္ပိ ဗုဒ္ဓံ မေ သရဏံ အညံ နတ္ထိ၊
ဒုတိယမ္ပိ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
ဒုတိယမ္ပိ သံဃော မေ သရဏံ အညံ နတ္ထိ။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ)၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊ မြတ်စွာဘုရားမှတစ်ပါး တပည့်တော်(တပည့်တော်မ)မှာ ကိုးကွယ်ရာ မရှိပါဘုရား။

နှစ်ကြိမ်မြောက်လည်း တရားတော်မြတ်သည် တပည့်တော်(တပည့်တော်မ)၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊ တရားတော်မြတ်မှတစ်ပါး တပည့်တော် (တပည့်တော်မ) မှာ ကိုးကွယ်ရာ မရှိပါဘုရား။

နှစ်ကြိမ်မြောက်လည်း သံဃာတော်မြတ်သည် တပည့်တော်(တပည့်တော်မ)၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ သံဃာတော်မြတ်မှတစ်ပါး တပည့်တော်(တပည့်တော်မ) မှာ ကိုးကွယ်ရာ မရှိပါဘုရား။

တတိယမ္ပိ ဗုဒ္ဓံ မေ သရဏံ အညံ နတ္ထိ၊
တတိယမ္ပိ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
တတိယမ္ပိ သံဃော မေ သရဏံ အညံ နတ္ထိ။

သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ)၏ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊ မြတ်စွာဘုရားမှတစ်ပါး တပည့်တော် (တပည့်တော်မ) မှာ ကိုးကွယ်ရာ မရှိပါဘုရား။

၂၀၁၄

သုံးကြိမ်မြောက်လည်း တရားတော်မြတ်သည် တပည့်တော်(တပည့်တော်မ)၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊ တရားတော်မြတ်မှတစ်ပါး တပည့်တော်(တပည့်တော်မ) မှာ ကိုးကွယ်ရာ မရှိပါဘုရား။

သုံးကြိမ်မြောက်လည်း သံဃာတော်မြတ်သည် တပည့်တော်(တပည့်တော်မ)၏ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊ သံဃာတော်မြတ်မှတစ်ပါး တပည့်တော်(တပည့်တော်မ) မှာ ကိုးကွယ်ရာ မရှိပါဘုရား။

## ၆။ အဓိဋ္ဌာန်ပြုခြင်း

တပည့်တော်(တပည့်တော်မ)သည်အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါမည်။

တပည့်တော်(တပည့်တော်မ)သည် ခိုးခြင်းမှ ရှောင်ကြဉ်ပါမည်။

တပည့်တော်(တပည့်တော်မ) သည် မိမိ၏ ကာမပိုင် မဟုတ်သူနှင့် ဖောက်ပြားခြင်း၊ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါမည်။

တပည့်တော် (တပည့်တော်မ)သည် လိမ်ပြောခြင်းမှ ရှောင်ကြဉ်ပါမည်။

တပည့်တော်(တပည့်တော်မ)သည် သေရည်သေရက်များကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပါမည်။

၇။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။
ပဉ္စ အနန္တ ဂုဏာံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။

မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြားမရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

အဆုံးအပိုင်းအခြားမရှိသော ဂုဏ်တော် ငါးပါးကို တပည့်တော် (တပည့်တော်မ)သည် အခါခပ်သိမ်း ရှိခိုး ပါ၏။

## အနန္တငါးပါး ဂုဏ်တော်ကို တိုင်တည်၍ မေတ္တာပို့ခြင်း (၄) မျိုး

၁။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ) ဆိုပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် တပည့်တော် (တပည့်တော်မ) သည်—

(က) လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေသာတို့ကို အောင်နိုင်ရပါလို၏၊
(ခ) အသက်ရှည်ရပါလို၏၊
(ဂ) ဘုန်းကြီးရပါလို၏၊
(ဃ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏။

၉။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ) ဆိုပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် မဟာဗြဟ္မာ အစရှိသော ဗြဟ္မာ ဟူသမျှသည် –

(က) လောဘ, ဒေါသ, မောဟတည်းဟူသောကိလေသာတို့ကို အောင်နိုင်ကြပါစေ၊

( ခ ) အသက်ရှည်ကြပါစေ၊

( ဂ ) ဘုန်းကြီးကြပါစေ၊

(ဃ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၀။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်းအခြား မရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်းအခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြားမရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ)ဆို ပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော် ကြောင့် ဘုမ္မစိုးနတ်၊ရုက္ခစိုးနတ်၊အာကာသစိုးနတ် အစ ရှိသော နတ်ဟူသမျှသည်—

(က) လောဘ၊ဒေါသ၊မောဟတည်းဟူသောကိလေ သာတို့ကို အောင်နိုင်ကြပါစေ၊
( ခ ) အသက်ရှည်ကြပါစေ၊
( ဂ ) ဘုန်းကြီးကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ပြာ ချမ်းသာကြပါစေ။

၁၁။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြားမရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ)ဆို ပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော် ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသား ဟူသမျှ သည်—

(က) လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေ သာတို့ကို အောင်နိုင်ကြပါစေ၊

(ခ) အသက်ရှည်ကြပါစေ၊

(ဂ) ဘုန်းကြီးကြပါစေ၊

(ဃ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၂။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊

သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ) ဆိုပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ကမ္ဘာသူ ကမ္ဘာသား ဟူသမျှသည်—

(က) လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့ကို အောင်နိုင်ကြပါစေ၊

(ခ) အသက်ရှည်ကြပါစေ၊

(ဂ) ဘုန်းကြီးကြပါစေ၊

(ဃ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၃။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

ဆရာသမား၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ) ဆိုပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် အပါယ်လေးဘုံသူ လေးဘုံသား ဟူသမျှသည်—

(က) လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေသာတို့ကို အောင်နိုင်ကြပါစေ၊
(ခ) အသက်ရှည်ကြပါစေ၊
(ဂ) ဘုန်းကြီးကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၄။ ဗုဒ္ဓ ဂုဏော အနန္တော၊
ဓမ္မ ဂုဏော အနန္တော၊
သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

မြတ်စွာဘုရား၏ ဂုဏ်တော်သည် အဆုံးအပိုင်းအခြား မရှိ။

တရားတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

သံဃာတော်မြတ်၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

အမိအဘတို့၏ ဂုဏ်တော်သည် အဆုံး အပိုင်း အခြား မရှိ။

ဆရာသမား၏ ဂုဏ်ကျေးသည် အဆုံးအပိုင်းအခြား မရှိ။

ဤသစ္စာစကားကို တပည့်တော် (တပည့်တော်မ) ဆိုပါသည်၊ ဤသစ္စာစကား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် သဗ္ဗေသတ္တာ သတ္တဝါဟူသမျှသည်—

(က) လောဘ, ဒေါသ, မောဟတည်းဟူသောကိလေသာတို့ကို အောင်နိုင်ကြပါစေ၊
(ခ) အသက်ရှည်ကြပါစေ၊
(ဂ) ဘုန်းကြီးကြပါစေ၊
(ဃ) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

၁၅။ ဆုတောင်း

ဤကောင်းမှုမှန်သမျှကြောင့် တပည့်တော် (တပည့်တော်မ)သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရ၍ အိုး, နာ, သေ, ကွဲ အစရှိသော သံသရာဝဋ်ဆင်းရဲဒုက္ခပေါင်းတို့၏ ချုပ်ရာငြိမ်းရာ ကုန်ရာဖြစ်သောနိဗ္ဗာန်ကို လျင်မြန်စွာမျက်မှောက်ပြုနိုင်ရပါလို၏ အရှင်ဘုရား။

ဗောဇ္ဈင်္ဂသုတ် မြန်မာပြန်

၁၆။ သံသာရေ သံသရန္တာနံ၊
သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တဓမ္မေ စ ဗောဇ္ဈင်္ဂေ၊
မာရသေနပ္ပမဒ္ဒနေ။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မဟာဗျူင် ခုနစ်ပါး တရားတော်တို့သည် အစမထင် သံသရာပြင်၌ ကျင်လည်မျှောပါး ပြေးသွားနေကြရကုန်သော သတ္တဝါ အနန္တတို့၏ အလုံးစုံသော ဝဋ္ဋဆင်းရဲကို ပျောက်ကင်းစေ တော်မူကြကုန်၏။ ကိလေသာမာရ် ကိုယ်တွင်းရန် စစ်သည် ခပင်းကို နှိမ်နင်း ဖျက်ဆီးတော်မူကြကုန်၏။

၁၇။ ဗုဇ္ဈိတွာ ယေစိ မေ သတ္တာ၊
တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ မဇရာ ဗျာဓိံ၊
အမတံ နိဗ္ဘယံ ဂတာ။

အရိယာမဂ်၏ အကြောင်းဖြစ်သော ဤဗောဇ္ဈင် ခုနစ်ပါး တရားတော်တို့ကို သိကုန်သောကြောင့် သာလျှင် သတ္တဝါတို့သည် မြင့်မြတ်ကြကုန်၏၊ ကာမ, ရူပ, အရူပ တည်းဟူသော ဘဝသုံးပါးမှ ကင်းလွတ်ကြကုန်၏၊ ပဋိသန္ဓေ နေရခြင်းမရှိ အိုရခြင်းမရှိ နာရခြင်းမရှိ သေရခြင်း မရှိ ဘေးလည်းကင်းရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန် ရပ်သို့ ရောက်တော်မူကြကုန်၏။

၁၈။ ဧဝမာဒိ ဂုဏူပေတံ၊
အနေက ဂုဏသင်္ဂဟံ။

ဩသဓေ့ဝ ဣမံ မန္တံ၊
ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

ဤသို့ အစရှိသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံ၍ များလှဖုံဖုံ ကျေးဇူးဂုဏ်တို့ဖြင့် ပေါင်းဆုံ ရေတွက်အပ်သည့် နတ်ဆေးဝါး နတ်မန္တရားသဖွယ်ဖြစ်သော ဤ ဗောဇ္ဈင်သုတ် ပရိတ်တော်ကို အို.... သူတော်ကောင်း အပေါင်းတို့....ငါတို့ ရွတ်ဘတ်ကြကုန်စို့။

၁၉။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာပရေ။

ကောင်းသောတရားကိုသာ အောက်မေ့ခြင်း တည်းဟူသော သတိသမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ရုပ်နာမ် တရားတို့ကို အနိစ္စ အစရှိသော အခြင်းအရာဖြင့် စူးစမ်းဆင်ခြင်ခြင်း တည်းဟူသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်တရားမြတ်လည်းကောင်း၊ ကောင်းသောအမှု၌ အားထုတ်ခြင်း တည်းဟူသော ဝီရိယ သမ္ဗောဇ္ဈင်တရားမြတ် လည်းကောင်း၊ ကောင်းသောအမှုနှင့်စပ်၍ နှစ်သက်ဝမ်းမြောက်ခြင်း တည်းဟူသော ပီတိ သမ္ဗောဇ္ဈင်တရားမြတ် လည်းကောင်း၊ ကိုယ်စိတ်နှစ်တန် ပူပန်လွတ်ကင်း ငြိမ်းချမ်းခြင်း

-တည်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင် တရားမြတ် လည်း
-ကောင်း။

၂၀။ သမာဓု ပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခတာ၊
ဘာဝိတာ ဗဟုလီကတာ။

ကောင်းသောအာရုံ၌ မတုန်မလှုပ် တည်ကြည်ခြင်း တည်းဟူသော သမာဓိ သမ္ဗောဇ္ဈင် တရားမြတ် လည်း ကောင်း၊ ကောင်းသောအမှုကို အားထုတ်ရာတွင် ဆုတ်နစ် တက်ကြွ စိတ်မရှိရဘဲ အညီအမျှ ထားရခြင်းတည်း ဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တရားမြတ် လည်းကောင်း၊ ဤခုနစ်ပါးသော ဗောဇ္ဈင် တရားတို့ကို အလုံးစုံသော တရားတို့၌ ပိုင်းခြားထင်ထင် သိမြင်တော်မူသောမြတ်စွာ ဘုရားသည် ကောင်းစွာ ဟောကြားတော်မူအပ်ကုန်၏။ ထိုဗောဇ္ဈင်ခုနစ်ပါး တရားတော်တို့ကို ပွားများအပ်ကုန် သည်ရှိသော် အတန်တန် အထပ်ထပ် လေ့လာပြုလုပ်အပ် ကုန်သည် ရှိသော်။

၂၁။ သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

သိသင့် သိထိုက်သော တရားတို့ကို မျက်ဝါးထင်ထင် သိမြင်ခြင်းအကျိုးငှါလည်းကောင်း၊ အရဟတ္တ မဂ်ဉာဏ် တိုင်အောင် သစ္စာလေးပါးတို့ကို ထိုးထွင်း သိမြင်ခြင်း အကျိုးငှါလည်းကောင်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှါလည်းကောင်း၊ ကောင်းစွာဖြစ်ကုန်၏။ ဤသို့ မှန်စွာဆိုသော သစ္စာ စကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ် ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၂၂။ ကေသို သမယေ နာထော၊
မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

အခါတစ်ပါး မြတ်စွာဘုရားသည် နာဖျားဆင်းရဲ တော်မူကြကုန်သော အရှင်မောဂ္ဂလ္လာန်မထေရ်၊ အရှင် မဟာကဿပမထေရ်တို့ကို သိမြင်တော်မူ၍ ဗောဇ္ဈင်ခုနစ် ပါးတရားတော်တို့ကို ဟောကြားတော်မူလေ၏။

၂၃။ တေ စ တံ အဘိနန္ဒိတွာ၊
ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ထိုမထေရ်တို့သည်လည်း ဗောဇ္ဈင်တရားတော်တို့ကို အလွန်နှစ်လို ကြည်ညိုကြကုန်သောကြောင့် ဟောတော်မူသောခဏ၌ပင် အနာရောဂါမှ လွတ်ကင်းတော်မူကြကုန်၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၂၄။ ဧကဒါ ဓမ္မရာဇာပိ၊
ဂေလညေနာ ဘိပီဠိတော။
စုန္ဒတ္ထေရေန တံ ယေဝ၊
ဘဏာပေတွာန သာဒရံ။

၂၅။ သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

တရံရောအခါ ဘုရားမြတ်စွာသည်လည်း အနာရောဂါ ပြင်းထန်စွာ နှိပ်စက်ခံရသဖြင့် အရှင်စုန္ဒမထေရ်အား ထိုဗောဇ္ဈင်တရားတော်မြတ်ကိုသာလျှင် ရိုသေစွာရွတ်စေ၍ နာတော်မူသည်ရှိသော် နှစ်သက် ဝမ်းမြောက်တော်မူသောကြောင့် ထိုခဏမှာပင် အနာရောဂါမှ ထမြောက်

ကင်းကွာ ချမ်းသာတော်မူလေ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၂၆။ ပဟီနာ တေ စ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂါဟတာ ကိလေသာဝ၊
ပတ္တာ နုပ္ပတ္တိ ဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးလေ့ကျက်တော်မူကြကုန်ပြီးသော သဗ္ဗညု တမြတ်စွာဘုရား, အရှင်မောဂ္ဂလ္လာန်, အရှင်မဟာကဿပ ဤကိုယ်တော်မြတ်ကြီး သုံးပါးတို့အား ထိုအနာရောဂါတို့သည် ကင်းပျောက်တော်မူကြကုန်၏၊ မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကဲ့သို့ တစ်ဖန် မဖြစ်ကောင်းသော သဘောသို့ ရောက်ကြကုန်၏၊ ဤသို့မှန်စွာဆိုသော သစ္စာစကားကြောင့် *သင့်အား အခါခပ်သိမ်း ဆင်းရဲလွတ်ကင်း ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

---

[* ကြယ်ပွင့်ပြထားသော နေရာများတွင် ရွတ်ဖတ်သူတို့ အလို့ရှိသော ပုဂ္ဂိုလ်များကို အစားထိုး၍ ရွတ်ဖတ်နိုင်သည်။]

## ရတနာသုံးပါးကို အဆုံးတိုင် သည်းကပ်ကိုးကွယ်ခြင်း (၂၁) ချက်

၂၇။ သောတာပတ္တိဖလ သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိဖလ သစ္ဆိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သောတာပတ္တိဖလ သစ္ဆိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ သည်းကပ်ပါ၏။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ သည်းကပ်ပါ၏။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ သည်းကပ်ပါ၏။

၂၈။ သကဒါဂါမိဖလ သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သကဒါဂါမိဖလ သစ္ဆိကရဏာ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သကဒါဂါမိဖလ သစ္ဆိကရဏာ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ယုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည် တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ယုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည် တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ယုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၂၉။ အနာဂါမိဖလ သစ္ဆိကရဏာ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနာဂါမိဖလ သစ္ဆိကရဏာ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
အနာဂါမိဖလ သစ္ဆိကရဏာ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့် တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့် တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့် တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၀။ အရဟတ္တဖလ သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တဖလ သစ္ဆိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တဖလ သစ္ဆိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့် တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့် တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့် တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၁။ အသင်္ခတဓာတု သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အသင်္ခတဓာတု သစ္ဆိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
အသင်္ခတဓာတု သစ္ဆိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

ပြုပြင်၍ မရသောဓာတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ပြုပြင်၍ မရသောဓာတ် မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ပြုပြင်၍မရသောခေတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၂။ အာမတာဓာတု သစ္ဆိကရဏာ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
အာမတာဓာတု သစ္ဆိကရဏာ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
အာမတာဓာတု သစ္ဆိကရဏာ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

သေခြင်းကင်းသောခေတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သေခြင်းကင်းသောခေတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သေခြင်းကင်းသောခတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၃။ နိဗ္ဗာနခာတံ့ သစ္စိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနခာတု သစ္စိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနခာတု သစ္စိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

ငြိမ်းအေးသောခတ်ကို မျက်မှောက် ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ငြိမ်းအေးသောခတ်ကို မျက်မှောက် ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ငြိမ်းအေးသောခတ်ကို မျက်မှောက် ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၄။ သဥပါဒိသေသ နိဗ္ဗာနဓာတု သစ္စိကရဏာ
ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သဥပါဒိသေသ နိဗ္ဗာနဓာတု သစ္စိကရဏာ
ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သဥပါဒိသေသ နိဗ္ဗာနဓာတု သစ္စိကရဏာ
ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

ခန္ဓာအကြွင်းရှိသော နိဗ္ဗာန်ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ခန္ဓာအကြွင်းရှိသော နိဗ္ဗာန်ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ခန္ဓာအကြွင်းရှိသော နိဗ္ဗာန်ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၅။ အနုပါဒိသေသ နိဗ္ဗာနဓာတု သစ္စိကရဏာ
ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနုပါဒိသေသ နိဗ္ဗာနဓာတု သစ္စိကရဏာ
ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

အနုပါဒိသေသ နိဗ္ဗာနဓာတု သစ္စိကရဏ
ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၆။ သုညတ နိဗ္ဗာနဓာတု သစ္စိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သုညတ နိဗ္ဗာနဓာတု သစ္စိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုညတ နိဗ္ဗာနဓာတု သစ္စိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

ကိလေသာတို့မှ ကင်းဆိတ်သော နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ကိလေသာတို့မှ ကင်းဆိတ်သော နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

ကိလေသာတို့မှ ကင်းဆိတ်သော နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

၃၇။ အနိမိတ္တ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အနိမိတ္တ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
အနိမိတ္တ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

သင်္ခါရအာရုံမရှိသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သင်္ခါရအာရုံမရှိသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

သခ်ါရအာရုံမရှိသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၈။ အပ္ပဏိဟိတ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အပ္ပဏိဟိတ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။

အပ္ပဏိဟိတ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

တောင့်တခြင်းကင်းသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

တောင့်တခြင်းကင်းသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

တောင့်တခြင်းကင်းသော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၃၉။ သဗ္ဗသင်္ခါရ သမထနိဗ္ဗာနဓာတု သစ္စိကရဏ
ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သဗ္ဗသင်္ခါရ သမထနိဗ္ဗာနဓာတု သစ္စိကရဏ
ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

သဗ္ဗသင်္ခါရ သမထနိဗ္ဗာနဓာတု သစ္စိကရဏ
ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၀။ သဗ္ဗုပမိ နိဿဂ္ဂ နိဗ္ဗာနဓာတု သန္တိကရဏ
ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သဗ္ဗုပမိ နိဿဂ္ဂ နိဗ္ဗာနဓာတု သန္တိကရဏ
ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

သဗ္ဗုပမိ နိဿဂ္ဂ နိဗ္ဗာနဓာတု သန္တိကရဏ
ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော ဆင်းရဲကြောင်းလေးပါးတို့၏ တပ်ခြင်းကင်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည် တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ဆင်းရဲကြောင်းလေးပါးတို့၏ တပ်ခြင်းကင်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည် တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ဆင်းရဲကြောင်းလေးပါးတို့၏ တပ်ခြင်းကင်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည် တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၁။ တဏှာက္ခယ နိဗ္ဗာနဓာတု သစ္စိကရဏာ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တဏှာက္ခယ နိဗ္ဗာနဓာတု သစ္စိကရဏာ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
တဏှာက္ခယ နိဗ္ဗာနဓာတု သစ္စိကရဏာ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

တဏှာ၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

တဏှာ၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

တဏှာ၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၂။ ဝိရာဂ နိဗ္ဗာနဓာတု သစ္စိကရဏာ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဝိရာဂ နိဗ္ဗာနဓာတု သစ္စိကရဏာ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဝိရာဂ နိဗ္ဗာနဓာတု သစ္စိကရဏာ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

တပ်နှစ်သက်ခြင်းကင်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

တပ်နှစ်သက်ခြင်းကင်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

တပ်နှစ်သက်ခြင်းကင်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၃။ နိရောဓ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိရောဓ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိရောဓ နိဗ္ဗာနဓာတု သစ္ဆိကရဏ ပရိယန္တံ
သံဃံ သရဏံ ဂစ္ဆာမိ။

ငြိမ်းချမ်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ငြိမ်းချမ်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

ငြိမ်းချမ်းရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၄။ သဗ္ဗဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု သစ္ဆိကရဏ
ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သဗ္ဗဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု သစ္ဆိကရဏ
ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သဗ္ဗဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု သစ္ဆိကရဏ
ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော ဝဋ်ဆင်းရဲတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ဝဋ်ဆင်းရဲတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ဝဋ်ဆင်းရဲတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၅။ သဗ္ဗ ကိလေသ ဝဋ္ဋ ဒုက္ခက္ခယံ နိဗ္ဗာနဓာတု
သစ္ဆိကရဏာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သဗ္ဗ ကိလေသ ဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု
သစ္ဆိကရဏာ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

သဗ္ဗ ကိလေသ ဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု
သစ္ဆိကရဏာ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော ကိလေသာ ဝဋ္ဋဒုက္ခတို့၏ကုန်ရာ နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ကိလေသာ ဝဋ္ဋဒုက္ခတို့၏ကုန်ရာ နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ကိလေသာ ဝဋ္ဋဒုက္ခတို့၏ကုန်ရာ နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာ ဟူ၍ ဆည်းကပ်ပါ၏။

၄၆။ သဗ္ဗ ကမ္မ ဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတုံ
သစ္ဆိကရဏာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သဗ္ဗ ကမ္မ ဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတုံ
သစ္ဆိကရဏာ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သဗ္ဗ ကမ္မ ဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတုံ
သစ္ဆိကရဏာ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော ကမ္မဝဋ္ဋဒုက္ခတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ကမ္မဝဋ္ဋဒုက္ခတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ကမ္မဝဋ္ဋဒုက္ခတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၇။ သဗ္ဗ ဝိပါကဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတုံ
သစ္ဆိကရဏာ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

သဗ္ဗ ဝိပါကဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု
သစ္စိကရဏ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သဗ္ဗ ဝိပါကဝဋ္ဋ ဒုက္ခက္ခယ နိဗ္ဗာနဓာတု
သစ္စိကရဏ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အလုံးစုံသော ဝိပါကဝဋ်ဒုက္ခတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ဝိပါကဝဋ်ဒုက္ခတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

အလုံးစုံသော ဝိပါကဝဋ်ဒုက္ခတို့၏ကုန်ရာ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည် တိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာဟူ၍ ဆည်းကပ်ပါ၏။

၄၇။ ဥပေမိ သရဏံ ဗုဒ္ဓံ၊ ဓမ္မဥ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဒေဝါနံ၊ ဂစ္ဆာမိ သရဏံ အဟံ။

တပည့်တော် (တပည့်တော်မ) သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ လွန်မြတ်သော အရာ

မရှိသော တရားတော်မြတ်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ လူနတ်တို့ထက်မြတ်တော်မူသော သံဃာတော်မြတ်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၄၉။ အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ၊
နိဗ္ဗာန ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ၊
နိဗ္ဗာန ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ၊
နိဗ္ဗာန ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

မိမိကိုယ်ကို စွန့်ပါ၏၊ အသက်ကို စွန့်ပါ၏၊ နိဗ္ဗာန်ဟူသော တဏှာကုန်ဆုံးရာတိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

မိမိကိုယ်ကို စွန့်ပါ၏၊ အသက်ကို စွန့်ပါ၏၊ နိဗ္ဗာန်ဟူသော တဏှာကုန်ဆုံးရာတိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

မိမိကိုယ်ကို စွန့်ပါ၏၊ အသက်ကို စွန့်ပါ၏၊ နိဗ္ဗာန်ဟူသော တဏှာကုန်ဆုံးရာတိုင်အောင် သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

## ဘုရားဂုဏ်တော် ၉-ပါးကို ၉-ရက် ၉-လီ ၈၁-ရက် အဓိဋ္ဌာန် ပုတီးစိပ်နည်း

၅၀။ သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ အရဟံ။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ သုဂတော။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ လောကဝိဒူ။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ သတ္ထာ ဒေဝမနုဿာနံ။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ ဗုဒ္ဓေါ။
သြောင်း နမော ဗုဒ္ဓါယ သော ဘဂဝါ
ဣတိပိ ဘဂဝါတိ။

အထက်ပါ ပုတီးစိပ်နည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

အချက်ပေါင်း ၉-ချက် ပါဝင်သော လမ်းစဉ်

၁။ အထက်ပါ ပုတီးစိပ်ကို အကျိုးရှိအောင် စိပ်လိုသောသူများသည် အဓိဋ္ဌာန်ရက်အတွင်း သက်သတ်လွတ်စား၍ ရှစ်ပါးသီလကို စောင့်ထိန်းသင့်သည်။

၂။ ရှစ်ပါးသီလကို ခံယူပြီးလျှင် မိမိသည် အဓိဋ္ဌာန်အောင်မြင်အောင် ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ကြိုးစားပါမည်ဟု အဓိဋ္ဌာန်ပြုပါ။
(အဓိဋ္ဌာန် ပျက်သွားသည့်အတွက် အဓိဋ္ဌာန်ပြုသူများအား ဘေးဥပဒ် မဖြစ်နိုင်ပါ။ အကြောင်းညီညွတ်သည့်အခါတွင် အဓိဋ္ဌာန်အသစ်ပြုလုပ်၍ ထပ်မံကြိုးစားနိုင်ပါသည်။)

၃။ အထက်ပါ ဂုဏ်တော် ၉-ပါးကို ရွတ်ဆို၍ ပြီးဆုံးလျှင် ပုတီး ၁-လုံးစိပ်ပါ။ ၁၀၈-လုံးရှိသော စိပ်ပုတီးကို စိပ်ပြီးသည့်အခါ ပုတီး ၁-ပတ်ရသည်ဟု မှတ်ယူပါ။

၄။ အဓိဋ္ဌာန်ဝင်သည့် နေ့မှစ၍ ၉-ရက် တိုင်တိုင် တစ်နေ့လျှင် ပုတီးတစ်ပတ်ကျ စိပ်ပါ။

၅။ ပထမ ၉-ရက် ပုတီးစိပ်ပြီးသည့်အခါ အဆက်ပြတ်မသွားစေဘဲ ဒုတိယ ၉-ရက်ဆက်၍ ပုတီးစိပ်ပါ။ ထိုဒုတိယ ၉-ရက်အတွင်းတွင် အထက်ပါ ဂုဏ်တော် ၉-ပါးကို ပုတီးဆက်၍ စိပ်ပါ။ ဒုတိယ ၉-ရက်အတွင်းတွင် တစ်နေ့လျှင် ပုတီး ၂ ပတ်ကျ စိပ်ပါ။

၆။ တတိယ ၉-ရက်အတွင်းတွင် တစ်နေ့လျှင် ပုတီး ၃-ပတ်ကျ စိပ်ပါ။ ဤနည်းအတိုင်း ၉-ရက်တစ်ကြိမ်လျှင် ပုတီးတစ်ပတ်စီ တိုး၍ တစ်နေ့လျှင် ပုတီး ၉-ပတ် စိပ်ရသည်အထိ ပုတီးပတ်ကိုတိုး၍ စိပ်သွားပါ။

၇။ ဤသို့ပုတီးစိပ်သွားလျှင် အဓိဋ္ဌာန်စသည့်အချိန်မှ အဓိဋ္ဌာန် အောင်မြင်သည်အထိ ရက်ပေါင်း ၈၁-ရက် ကြာမည်။

၈။ နေ့စဉ် ပုတီးပတ် ပြည့်သည့်အခါတိုင်း "ဤအဓိဋ္ဌာန်ကြောင့် တပည့်တော် (တပည့်တော်မ) သည် ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် လောကကြီးတို့၏ အကျိုးစီးပွားကို ကောင်းစွာ ရွက်ဆောင်နိုင်ရပါလို၏ဘုရား" ဟူ၍ ရတနာသုံးပါး ဦးထိပ်ထား၍ ဆုမွန်ကောင်းကို တောင်းရမည်။

၉။ ဤအဓိဋ္ဌာန်အတိုင်း အကျိုးရှိအောင် ကျင့်ကြံကြိုးစားလိုသူများသည် ကာမေသု မိစ္ဆာစာရကံနှင့် သုရာမေရယကံ ၂-ပါးကို မကျူးလွန်မိအောင် အထူးစောင့်ထိန်းရမည်။

*

## ဂုဏ်တော်ကွန်ချာ ၉-ပုဒ်

၅၁။ သော ဘဂဝါ ဣတိပိ အရဟံ။
အရဟံ ဝတ သော ဘဂဝါ။
အရဟံ သရဏံ ဂစ္ဆာမိ။
အရဟံ သိရသာ နမာမိ။
အရဟံ ဝတ သော ဘဂဝါ ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။
အရဟံ မေ သီသေ တိဋ္ဌတု၊
အရဟံ မေ သုခံ ဒေတု၊
အရဟံ မေ သီဒ္ဓိကမ္မံ ဒေတု၊
အရဟံ မေ ဇယံ ဒေတု။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် လူနတ်တို့ ပူဇော်အထူးကိုခံတော်မူထိုက်ပေစွတကား။

လူနတ်တို့ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

လူနတ်တို့ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် လူနတ်တို့ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား၊ မြတ်စွာဘုရားသည် သံသရာ ဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

လူနတ်တို့ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ)၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

လူနတ်တို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)အားချမ်းသာကို ပေးတော်မူစေသောဝ်။

လူနတ်တို့ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ)အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

လူနတ်တို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)အားအောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ ယော
ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ
ဒေသေတိ။

သမ္မာသမ္ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊
သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု၊
သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု၊
သမ္မာသမ္ဗုဒ္ဓေါ မေ ဇယံ ဒေတု။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူပေစွတကား။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) ၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) အား ချမ်းသာကို ပေးတော်မူစေသောဝ်။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

ကိုယ်တော်တိုင် တရားအားလုံးကို အမှန်သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅၃။ ယော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ ယော ဘဂဝါ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ ယော ဘဂဝါ
ယော ဣမဿ ဝေဠုပဿ ဒုက္ခဿ ပဟာ
နာယ ဓမ္မံ ဒေသေတိ။
ဝိဇ္ဇာစရဏသမ္ပန္နော မေ သီသေ တိဋ္ဌတု၊
ဝိဇ္ဇာစရဏသမ္ပန္နော မေ သုခံ ဒေတု၊
ဝိဇ္ဇာစရဏသမ္ပန္နော မေ သိဒ္ဓိကမ္မံ ဒေတု၊
ဝိဇ္ဇာစရဏသမ္ပန္နော မေ ဇယံ ဒေတု။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလ
တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော် မူပေစွတကား။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား ချမ်းသာကို ပေးတော်မူစေသောဝ်။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

ထိုးထွင်းသိမြင်သော ဉာဏ်ပညာတော် အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅၄။ သော ဘဂဝါ ဉာတိပိ သုဂတော၊
သုဂတော ဝတ သော ဘဂဝါ၊
သုဂတံ သရဏံ ဂစ္ဆာမိ၊
သုဂတံ သိရသာ နမာမိ၊
သုဂတော ဝတ သော ဘဂဝါ ယော လောကဿ ဝေဠုပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။
သုဂတော မေ သီသေ တိဋ္ဌတု၊
သုဂတော မေ သုခံ ဒေတု၊

သုဂတော မေ သိဒ္ဓိကမ္မံ ဒေတု၊
သုဂတော မေ ဇယံ ဒေတု။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် ကောင်းသောစကားကို ဆိုတော်မူတတ်ပေစွ တကား။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် ကောင်းသောစကားကို ဆိုတော်မူတတ်ပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) ၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား ချမ်းသာကို ပေးတော်မူစေသောဝ်။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅၅။ သော ဘဂဝါ ဇုတိပိ လောကဝိဒူ၊
လောကဝိဒူ ဧတ သော ဘဂဝါ၊
လောကဝိဒူ သရဏံ ဂစ္ဆာမိ၊
လောကဝိဒူ သိရသာ နမာမိ၊
လောကဝိဒူ ဝတ သော ဘဂဝါ ယော ဇူမသ ဝေရူပသ ဒုက္ခသ ပဟာနာယ ဓမ္မံ ဒေသေတိ။
လောကဝိဒူ မေ သီသေ တိဋ္ဌတု၊
လောကဝိဒူ မေ သုခံ ဒေတု၊
လောကဝိဒူ မေ သိဒ္ဓိကမ္မံ ဒေတု၊
လောကဝိဒူ မေ ဇယံ ဒေတု။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

လောကအားလုံးကို အကုန် သိမြင်သော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် လောကအားလုံးကို အကုန်သိမြင်တော်မူပေစွတကား။

လောကအားလုံးကို အကုန် သိမြင်တော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

လောကအားလုံးကို အကုန် သိမြင်တော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် လောကအားလုံးကို အကုန်သိမြင်တော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

လောကအားလုံးကို အကုန် သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

လောကအားလုံးကို အကုန် သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)အား ချမ်းသာကို ပေးတော်မူစေသောဝ်။

လောကအားလုံးကို အကုန် သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ)အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

လောကအားလုံးကို အကုန် သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊
အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ၊
အနုတ္တရံ ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ။
အနုတ္တရံ ပုရိသဒမ္မသာရထိံ သိရသာ နမာမိ။
အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ ယော ဣမသ္မာ ဝေဠုပသ္မာ ဒုက္ခသ္မာ ပဟာနာယ မေ့ ဒေသေတိ။
အနုတ္တရော ပုရိသဒမ္မသာရထိ မေ သီသော တိဋ္ဌတု၊

အနုတ္တရော ပုရိသဒမ္မသာရထိ မေ သုခံ ဒေတု၊
အနုတ္တရော ပုရိသဒမ္မသာရထိ မေ သိဒ္ဓိကမ္မံ ဒေတု၊
အနုတ္တရော ပုရိသဒမ္မသာရထိ မေ ဇယံ ဒေတု။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူပေစွတကား။

လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

လူနတ်ပြဟ္မာသတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ)၏ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

လူနတ်ပြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား ချမ်းသာကို ပေးတော်မူစေသောဝ်။

လူနတ်ပြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

လူနတ်ပြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၅၇။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ-
မနုဿာနံ၊
သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
သတ္ထာ ဒေဝမနုဿာနံ သိရသာ နမာမိ၊
သတ္ထာ ဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
ယော ဣမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ
ဓမ္မံ ဒေသေတိ။
သတ္ထာ ဒေဝမနုဿာနံ မေ သီသေ တိဋ္ဌတု၊
သတ္ထာ ဒေဝမနုဿာနံ မေ သုခံ ဒေတု၊
သတ္ထာ ဒေဝမနုဿာနံ မေ သိဒ္ဓိကမ္မံ ဒေတု၊
သတ္ထာ ဒေဝမနုဿာနံ မေ ဇယံ ဒေတု၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူပေစွ တကား။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာဖြစ်တော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား ချမ်းသာကို ပေးတော်မူစေသောဝ်။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

နတ်လူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၃၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သိရသာ နမာမိ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ ယော ဣမဿ
ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ
ဒေသေတိ။
ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊
ဗုဒ္ဓေါ မေ သခံ ဒေတု၊
ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု၊
ဗုဒ္ဓေါ မေ ဇယံ ဒေတု။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် သစ္စာလေးပါးတရားအမှန်ကို သိမြင်တော်မူပေစွတကား။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာ ဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) ၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)အား ချမ်းသာကို ပေးတော်မူစေသောဝ်။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

သစ္စာလေးပါး တရားအမှန်ကို သိမြင်တော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၂၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊
ဘဂဝါ ဝတ သော ဘဂဝါ၊
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဘဂဝန္တံ သိရသာ နမာမိ၊
ဘဂဝါ ဝတ သော ဘဂဝါ ယော ဣမဿ
ဝေရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။
ဘဂဝါ မေ သီသေ တိဋ္ဌတု၊
ဘဂဝါ မေ သုခံ ဒေတု၊
ဘဂဝါ မေ သိဒ္ဓိကမ္မံ ဒေတု၊
ဘဂဝါ မေ ဇယံ ဒေတု။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရား။

မြတ်စွာဘုရားသည် ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူပေစွတကား။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

မြတ်စွာဘုရားသည် ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူပေစွတကား၊ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ) ၏ ဦးခေါင်းထက်၌ ကိန်းဝပ်တော်မူစေသောဝ်။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)အား ချမ်းသာကို ပေးတော်မူစေသောဝ်။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရားသည် တပည့်တော်(တပည့်တော်မ) အား အောင်မြင်စေတတ်သော တန်ခိုးကို ပေးတော်မူစေသောဝ်။

ဘုန်းကံတေဇော် အာနုဘော်ကြီးတော်မူသော မြတ်စွာဘုရားသည် တပည့်တော် (တပည့်တော်မ)အား အောင်မြင်ခြင်းကို ပေးတော်မူစေသောဝ်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
တရားတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃာတော်မြတ်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

## အစိန္တေယျ ဗုဒ္ဓဂုဏာစ္ဆရ ဆုတောင်းမန္တန်

၆၀။ သြောင်း၊ အစိန္တေယျ အစိန္တေယျ အစိန္တေယျ၊
အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ၊ ဉာဏာသမ္ဗန္ဓဿ
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
ဒွတ္တိံသ မဟာပုရိသလက္ခဏာ နုဘာဝေန-
အသီတာနုဗျဉ္ဇနာ နုဘာဝေန၊ ဆဗ္ဗဏ္ဏရံသိယာ
နုဘာဝေန၊ သီလ သမာဓိ ပညာ နုဘာဝေန၊
မဂ္ဂဖလညာဏာ နုဘာဝေန၊ သဗ္ဗညုတညာဏာ
နုဘာဝေန၊ စတုသစ္စညာဏာ နုဘာဝေန၊
စတုဝေသာရဇ္ဇညာဏာ နုဘာဝေန၊ ဆ အသာ
ဓာရဏညာဏာ နုဘာဝေန၊ ဆဠဘိညာ နုဘာ
ဝေန၊ အဋ္ဌသမာပတ္တိယာ နုဘာဝေန၊ နဝ
လောကုတ္တရဓမ္မာ နုဘာဝေန၊ စတုရာသီတိ
သဟဿာနိ ဓမ္မက္ခန္ဓာ နုဘာဝေန၊ ဗုဒ္ဓဂုဏာ
နုဘာဝေန၊ ဓမ္မဂုဏာ နုဘာဝေန၊ သံဃဂုဏာ
နုဘာဝေန၊ ဒီဃာယုကော မယှံ ဟောတု၊ သဗ္ဗ
ရောဂါ ဝိနဿန္တု၊ သမ္မာသင်္ကပ္ပါ သမိဇ္ဈန္တု၊
သဗ္ဗဘောဂါ ပဝတ္တန္တု၊ သဗ္ဗကမ္မာနိ သမိဇ္ဈန္တု၊
အနန္တ ဉာဏာသမ္ဗန္ဓာနံ အနန္တ သမ္မာသမ္ဗုဒ္ဓါနံ၊
ဗလေန တေဇေန၊ အာကာသဋ္ဌာ စ ဘုမ္မဋ္ဌာ၊
ရုက္ခဋ္ဌာ စ မဟိဒ္ဓိကာ သဗ္ဗေ ဒေဝါ ရက္ခန္တု
မဟာဗြဟ္မာ၊ အမှေ ရက္ခန္တု သဗ္ဗဒါ။

## အနက်မြန်မာပြန်

ကြောင်း၊ အသုံးစုံသော မင်္ဂလာကျက်သရေ အထွေထွေတို့သည် ပြီးမြောက် အောင်မြင်ပါစေသတည်း။

အစိန္တေယျ အစိန္တေယျ အစိန္တေယျ၊ အပ္ပမေယျ အပ္ပမေယျ အပ္ပမေယျ၊ ဉာဏာသမ္ပန္နသာ၊ မကြံစည်အပ် မကြံစည်နိုင် မကြံစည်ကောင်း, မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင် မနှိုင်းယှဉ်ကောင်းသော ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်အစုံ ခြောက်ပါးဂုဏ် ရှိတော်မူသော။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗာတ္တိံသ မဟာပုရိသလက္ခဏာ နုဘာဝေန၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ အသီတာ နုဗျဉ္ဇနာနုဘာဝေန၊ ရှစ်ဆယ်သော လက္ခဏာငယ်တော်တို့၏တန်ခိုး ရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ ဆဗ္ဗဏ္ဏ ရံသီယာ နုဘာဝေန ထွန်းပြောင်တင့်တယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ သီလ သမာဓိ ပညာ နုဘာဝေန၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ မဂ္ဂဖလ ဉာဏာ နုဘာဝေန၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တော်တို့၏တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ သဗ္ဗညုတ

ဉာဏာ နုဘာဝေန၊ သဗ္ဗညုတဉာဏ်တော်၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ စတုသစ္စဉာဏာ နုဘာဝေန၊ လေးပါးသော သစ္စာဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ စတုဝေသာရဇ္ဇဉာဏာ နုဘာဝေန၊ လေးပါးသောဝေသာရဇ္ဇဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တောကြောင့်လည်းကောင်း။ ဆအသာဓာရဏဉာဏာ နုဘာဝေန၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့်မဆက်ဆံသော ခြောက်ပါးသော ဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ ဆဠာဘိညာနုဘာဝေန၊ မြေလျှိုမိုးပျံ တန်ခိုးဈာန်ကြီးကျယ် ခြောက်သွယ်သော အဘိညာဉ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ အဋ္ဌသမာပတ္တိယာ နုဘာဝေန၊ ရှစ်ရပ်သော သမာပတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ နဝလောကုတ္တရဓမ္မာ နုဘာဝေန၊ ကိုးပါးသော လောကုတ္တရာ တရားတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ စတုရာသီတိသဟဿာနိ ဓမ္မက္ခန္ဓာ နုဘာဝေန၊ ရှစ်သောင်း လေးထောင် မြားမြောင်သော ဓမ္မက္ခန္ဓာတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ ဗုဒ္ဓဂုဏာ နုဘာဝေန၊ အရဟတာ စသည်များဖြင့် ဘုရားဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။

ဓမ္မဂုဏာ နုဘာဝေန၊ သွာက္ခာတတာ စသည်များဖော် တရားဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ သံဃဂုဏာ နုဘာဝေန၊ သုပ္ပဋိပန္နတာ စသည်များဖော် သံဃာ့ဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ မယှံ၊ တပည့်တော် (တပည့်တော်မ) အား။ ဒီဃာယုကော၊ အသက်ရာကျော် ရှည်မြင့်ကျော်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ သဗ္ဗရောဂါ၊ အလုံးစုံသော ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာတို့သည်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေသတည်း။ သမ္မာသင်္ကပ္ပါ၊ မဖောက်မပြန် မှန်ကန်သော အကြံအစည်တို့သည်။ သမိဇ္ဈန္တု၊ ဆောလျင်မကြာ ပြည့်စုံလာကြပါစေသတည်း။ သဗ္ဗဘောဂါ၊ အလုံးစုံသော စည်းစိမ်ဥစ္စာရတနာတို့သည်။ ပဝဍ္ဎန္တု၊ တစ်နေ့ထက်ခြား တိုးပွားပြည့်ဝလိုတိုင်းရလာကြပါစေသတည်း။ သဗ္ဗကမ္မာနိ၊ အလုံးစုံသော လုပ်ကိုင်ကြံရွယ်သမျှ အမှုကိစ္စတို့သည်။ သမိဇ္ဈန္တု၊ ဆောလျင်မကြာ ပြည့်စုံလာကြပါစေသတည်း။

အနန္တဉာဏ သမ္ဗုဒ္ဓါနံ၊ အဆုံး အပိုင်း အခြား မထင် သဗ္ဗညုတဉာဏ်တော်အမြင်နှင့် ကောင်းစွာကုံလုံ ပြည့်စုံတော်မူကြကုန်သော။ အနန္တ သမ္မာသမ္ဗုဒ္ဓါနံ၊ အဆုံးအပိုင်း အခြားမထင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏။ ဗလေန၊ ကိုယ်အား ဉာဏ်အား စွမ်းပကားကြောင့်။ တေဇေန၊

တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်။ အာကာသဋ္ဌာ စ၊ ဝေဟာသတွင် ကောင်းကင်ပြင်၌ အစဉ်ကြီးစိုး အာကာသစိုး နတ်မင်းကြီးတို့သည်လည်းကောင်း။ ဘုမ္မဋ္ဌာ စ၊ ပထဝီတွင် မြေအပြင်၌ အစဉ်ကြီးစိုး ဘုမ္မစိုး နတ်မင်းကြီးတို့သည်လည်းကောင်း။ ရုက္ခဋ္ဌာ စ၊ သစ်ပင် တောတောင် ရှိမြောင်ကြီးစိုး ရုက္ခစိုး နတ်မင်းကြီးတို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ တန်ခိုးရှိန်စော် အာနုဘော်ကြီးမားကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော။ ဒေဝါ ဣန္ဒာ မဟာဗြဟ္မာ စ၊ စတုလောကပါလနတ်ဒေဝါနှင့် ဣန္ဒာသိကြား ကြီးမားတေဇာ နတ်ဗြဟ္မာကြီးများတို့သည် လည်းကောင်း။ အမှေ၊ တပည့်တော် (တပည့်တော်မ)တို့ကို။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါမပြတ်။ ရက္ခန္တု၊ အစဉ်တောက်လျှောက် စောင့်ရှောက်ကူညီကြပါစေသတည်း။

*

ပုဗ္ဗဏှသုတ်ပရိတ်တော်မှ
**ရတနာသုံးပါးဆိုင်ရာ အမှန်စကားဖြင့် တိုင်တည်ခြင်း**

၆၁။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤ လူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာတို့သည် ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည်မရှိ၊ ဤမြတ်စွာဘုရားသည်သာလျှင် လောကီ ရတနာအပြားပြားတို့ထက် ကောင်းမြတ်သောရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်ကန်သောဆိုသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ကောင်းသောစီးပွားချမ်းသာ ဖြစ်ပါ စေသတည်း။

၆၂။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤလူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာတို့သည် ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရားတရားတော်မြတ်နှင့်

[* ဤကြယ်ပွင့်ပြထားသော နေရာများတွင် ရွတ်ဖတ်သူတို့ အလိုရှိသော ပုဂ္ဂိုလ်များကို အစားထိုး၍ ရွတ်ဖတ် နိုင်သည်။]

-တူမျှသော ရတနာသည် မရှိ၊ ဤတရားတော်မြတ်သည် သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၆၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤ လူ့ပြည်၌လည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည် အစရှိသည်၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်မြတ်နိုးအပ်သော အလုံးစုံသော ရတနာတို့သည် ရှိ၏၊ ထိုရတနာတို့တွင် မြတ်စွာဘုရားတပည့်သား သံဃာ တော်မြတ်နှင့်တူမျှသော ရတနာသည် မရှိ၊ ဤသံဃာ တော်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကောင်းမြတ်သော ရတနာကြီး ဖြစ်တော်မူ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် *သတ္တဝါတို့အား ကောင်းသောစီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

*

## ပုဗ္ဗဏှသုတ် ပရိတ်တော်မှ
## ရတနာသုံးပါးကို တိုင်တည်၍ မေတ္တာပို့ခြင်း

၆၄။ ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရားအပေါင်းသည် * သင့်အား ဖြစ်ပါစေသတည်း၊ အလုံးစုံ အရပ်ရပ် ရှိသမျှသောနတ်တို့သည် * သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း၊ ခပ်သိမ်းသော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် *သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေသတည်း။

၆၅။ ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာ နုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

---

[* ဤကြယ်ပွင့်ပြထားသော နေရာများတွင် ရွတ်ဖတ်သူတို့ အလိုရှိသော ပုဂ္ဂိုလ်များကို အစားထိုး၍ ရွတ်ဖတ်နိုင်သည်။]

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရားအပေါင်းသည် *သင့်အား ဖြစ်ပါစေသတည်း၊ အလုံးစုံအရပ်ရပ် ရှိသမျှသော နတ်တို့သည် *သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း၊ ခပ်သိမ်းသောတရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် *သင့်အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေသတည်း။

၆၆။ ဘဝတု သဗ္ဗမင်္ဂလံ၊
ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊
သဒါ သုခီ ဘဝန္တု တေ။

ပစ္စုပ္ပန်သံသရာ နှစ်ဖြာဘဝ အေးမြရကြောင်း အလုံးစုံသော မင်္ဂလာတရားအပေါင်းသည် *သင့်အား ဖြစ်ပါစေသတည်း။ အလုံးစုံအရပ်ရပ် ရှိသမျှသောနတ်တို့သည် * သင့်အား စောင့်ရှောက်ကြပါစေကုန်သတည်း၊ ခပ်သိမ်းသော သံဃာတော်မြတ်တို့၏ တန်ခိုး တေဇော် အာနုဘော်ကြောင့် * သင့်အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်း ဖြစ်ပါစေသတည်း။

---

[* ဤကြယ်ပွင့်ပြထားသော နေရာများတွင် ရွတ်ဖတ်သူတို့ အလိုရှိသော ပုဂ္ဂိုလ်များကို အစားထိုး၍ ရွတ်ဖတ်နိုင်သည်။]

## ပုဗ္ဗဏှသုတ် ပရိတ်တော်မှ
## မြတ်စွာဘုရား၏ မာရ်ငါးပါး အောင်တော်မူခြင်းကို
## တိုင်တည်၍ မေတ္တာပို့ခြင်း

၆၇။ မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ကြီးမြတ်သော ကရုဏာရှိတော်မူသော ရှင်တော်မြတ်ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားအလို့ငှာ အလုံးစုံသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍။ မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူ၏၊ ဤသို့ မှန်စွာဆိုသော သစ္စာစကားကြောင့် * သင့်အား အခါခပ်သိမ်း ကောင်းသော စီးပွားချမ်းသာ ဖြစ်ပါစေသတည်း။

၆၈။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယ မင်္ဂလေ။

သာကီဝင်မင်းတို့၏ နှစ်သက်မြတ်နိုးခြင်းကို ပွားတိုးစေတော်မူတတ်သော မြတ်စွာဘုရားသည် ဗောဓိပင်ခြေ ပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့၊ ဤနည်းအတူပင် * သင့်အား အောင်မြင်ခြင်းသည် ဖြစ်ပါစေသတည်း။ * သင်သည် အောင်အပ် သော မင်္ဂလာကို အောင်မြင်ပါစေသတည်း။

၆၉။ အပရာဇိတ ပလ္လင်္ကေ၊
သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပတ္တော ပမောဒတိ။

ခပ်သိမ်းသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ ဗုဒ္ဓါဘိသေကမင်္ဂလာကို ခံယူတော်မူရာဖြစ်၍ မြေအပြင်တွင် အထူးတင့်တယ်လျက် မြေဦး မြေထိပ်လည်း ဖြစ်သော အပရာဇိတပလ္လင်တော်၌ သဗ္ဗညုတဉာဏ်သို့ရောက် တော်မူသော မြတ်စွာဘုရားသည် ကြည်နူးရွှင်ပျော် ဝမ်းမြောက်တော်မူသကဲ့သို့၊ ဤနည်းအတူသာလျှင် * သင် သည် မင်္ဂလိတို့၏ အထွတ်အထိပ်သို့ ရောက်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပါစေသတည်း။

---

[* ဤကြယ်ပွင့်ပြထားသော နေရာများတွင် ရွတ်ဖတ်သူဘက်က အလိုရှိသော ပုဂ္ဂိုလ်များကို အစားထိုး၍ ရွတ်ဖတ် နိုင်သည်။]

## ပုဗ္ဗဏှသုတ် ပရိတ်တော်မှ
## ကောင်းသောအလုပ်ဖြင့် ကောင်းသောအကျိုးများ
## ရရေးကို ရည်မှန်း၍ တိုက်တွန်းခြင်း

၇၀။ သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု။

* သင့်အား ကောင်းသောနက္ခတ်သည် ဖြစ်ပါစေသတည်း၊ ကောင်းသောမင်္ဂလာသည် ဖြစ်ပါစေသတည်း၊ ကောင်းသော မိုးသောက်ခြင်းသည် ဖြစ်ပါစေသတည်း၊ ကောင်းသော ထကြွခြင်းသည် ဖြစ်ပါစေသတည်း၊ ကောင်းသော ခဏ အခိုက်သည် ဖြစ်ပါစေသတည်း၊ ကောင်းသော မုဟုတ်ချိန်သည် ဖြစ်ပါစေသတည်း၊ မြတ်သော အကျင့်ကို ကျင့်သော သူတော်ကောင်းတို့အား ကောင်းသောပူဇော်ခြင်းသည် ဖြစ်ပါစေသတည်း။

၇၁။ ပဒက္ခိဏံ ကာယကမ္မံ၊
ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊
ပဏိဓိ တေ ပဒက္ခိဏာ။

* သင့်အား မြတ်သော ကာယကံသည် ဖြစ်ပါစေ သတည်း၊ မြတ်သော ဝစီကံသည် ဖြစ်ပါစေသတည်း၊ မြတ်သော မနောကံသည် ဖြစ်ပါစေသတည်း၊ * သင်သည် မြတ်သောကာယကံ, မြတ်သောဝစီကံ, မြတ်သော မနောကံ ဟူသော ကံသုံးပါး၌ ဆောက်တည်နိုင်ပါစေ သတည်း။

၇၂။ ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထ လဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

အကြင်သူတို့သည် မြတ်သော ကာယကံ, မြတ်သော ဝစီကံ,မြတ်သောမနောကံကို ပြုလုပ်သောကြောင့် မြတ်သော အကျိုးတို့ကို ရကြကုန်၏၊ ထိုသူတို့သည် ကြီးပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တိုင်အောင် ပြန့်ပွားခြင်းသို့ ရောက်ကြပါစေကုန်သတည်း၊ အလုံးစုံသော အဆွေအမျိုးတို့နှင့်တကွ အနာရောဂါ ကင်းရှင်းချမ်းသာ အေးမြခြင်းသို့ ကြရောက်ပါစေကုန်သတည်း။

မေတ္တာပို့ဆုတောင်း

၇၃။ ဤဂါထာတော်များကို ရွတ်ဖတ်ရသော ကောင်းမှုကုသိုလ်ကံတို့ကြောင့် အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် လူ့နတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ဆောင်ဘော်မှုနိုင်သော မြတ်စွာဘုရား၏ တရားတော် မြတ်ကို ကောင်းစွာသိနိုင်ကြပါစေသောဝ်။

၇၄။ အထူးစင်ကြယ်သော အကျင့်မြတ်ဖြင့် အိုနာ သေကွဲ အစရှိသော သံသရာဝဋ်ဆင်းရဲတို့၏ ချုပ်ရာ ငြိမ်းရာ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို လျင်မြန်စွာ မျက် မှောက်ပြုနိုင်ကြပါစေသောဝ်။

၇၅။ ပိဋကတ်သုံးပုံတည်းဟူသော သူတော်ကောင်း တရားသည် မလျော့မဆုတ် မယုတ်မပျက် ထွန်း တောက်လျက် တည်ပါစေသောဝ်။

၇၆။ သတ္တဝါများတို့သည် ပိဋကတ်သုံးပုံ တည်း ဟူသော သူတော်ကောင်းတရားကို မြတ်နိုး ကြည်ညို ရှိသေကြပါစေကုန်သောဝ်။

၇၇။ ဇယစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗော
ဇယာသနေ။
ဇယာယေသိ ဇယေသိနံ၊ ဇယံ ဒေတု
ဇယုတ္တရော။

ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိပင်ရင်း၌။

အောင်အပ်သည့်တရား မာရ်ငါးပါးအပေါင်းတို့ကို။

အကြွင်းမဲ့ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

မြတ်နိဗ္ဗာန်အောင်ခန်းနှင့် အောင်ဘိသိက်ပန်းမင်္ဂလာကို မျှားထိုထိုဝဋ္ဋအတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာနေကြကုန်သူတို့အား။

ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွတ်အငူအမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူလေပြီ။

အောင်သူတကာတို့၏မှန်ကင်း အောင်ခြင်းတကာတို့၏ဥသျှောင် ထွတ်ခေါင်မြတ် သရဖူ သယမ္ဘူမကိုဋ်ထီး အောင်ပွဲဝင်ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။

အလုံးစုံအောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

မြတ်နိဗ္ဗူအောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာအာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။

အောင်ခြင်းကို(၀၁) အောင်ပန်းဝေမျှင် အောင်ဖူးတွေကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို။

ပေးသနားတော်မူပါ အရှင်ဘုရား။

# အထူးအမျှဝေစာတမ်း

ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးတိုင်း၊ အောက်ပါ စာတမ်းအရ အမျှဝေကြပါလျှင် ပတ္တိဒါနဟု ခေါ်သော အမျှဝေခြင်းကိစ္စမှာ အတော်အတန် ပြည့်စုံပြီ မှာ ကျွန်တော်တို့ အထူးယုံကြည်လျက်ရှိကြပါသည်။ သို့ဖြစ်ရာ ထိုစာတမ်းအတိုင်း အမျှဝေကြရန် ကျွန်တော်တို့က အထူး မေတ္တာရပ်ပါသည်။

ချမ်းသာကိုယ်စိတ်မြဲကြပါစေ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို လျင်မြန်စွာရနိုင်ကြပါစေ။

ဦးနုနှင့် ဓမ္မမိတ်ဆွေများ –

၁။ မွေးသမိခင်၊ မွေးသဖခင်၊ ကျေးဇူးတော်ရှင်ကြီးများတို့သည် လည်းကောင်း၊

၂။ ဆရာသခင် ကျေးဇူးတော်ရှင်ကြီးများတို့ သည် လည်းကောင်း၊

၃။ ဤကုသိုလ်ကောင်းမှုပြုရာအရပ်သို့ ကြွရောက်လာကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းတို့သည်လည်းကောင်း၊

၄။ ကျွန်တော်တို့၏မိသားစုများ၊ ဆွေမျိုးဉာတိကာများတို့သည် လည်းကောင်း၊

၅။ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတို့ကို အစပြု၍ အာရှတိုက်သားများ၊ ဥရောပတိုက်သူ တိုက်သားများ၊ အာဖရိကတိုက်သူ တိုက်သားများ၊ မြောက်အမေရိကနှင့် တောင်အမေရိက တိုက်သူတိုက်သားများ၊ သြစတြေးလျ တိုက်သူ တိုက်သားများ ဖြစ်ကြပါကုန်သော ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့သည် လည်းကောင်း၊

၆။ ပြဟ္မာ့ဘုံ—၂၀—၌ ကျင်လည်ကျက်စား သွား လာနေထိုင်ကြပါကုန်သော မဟာပြဟ္မာအစရှိ သော ပြဟ္မာများ အားလုံးတို့သည် လည်း ကောင်း၊

၇။ နတ်မင်းကြီးများ၊ နတ်ဇေ်သူကြီးများ၊ ဘုမ္မစိုး နတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုး နတ် များ အခြားသော နတ်များနှင့်တကွ ထိုနတ် အပေါင်းတို့နှင့်အတူ နတ်ပြည်ခြောက်ထပ် တို့၌ ကျင်လည်ကျက်စား သွားလာနေထိုင် ကြကုန် သော ပုဂ္ဂိုလ်ဟူသမျှတို့သည် လည်းကောင်း၊

၈။ သာသနာတော်နှင့် လောက၏ အကျိုးစီးပွားကို စောင့်ရှောက်လျက်ရှိကြသည့် နတ် အစရှိသော ပုဂ္ဂိုလ်ဟူသမျှတို့သည် လည်းကောင်း၊

၉။ စေတီတော်၊ ပုထိုးတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်၊ ကျောင်း၊ ကန်၊ စရပ်၊ သိမ်၊ လိုဏ်ဂူ၊ ကမ္မဌာန်း ရိပ်သာ၊ ဝတ်ကျောင်း၊ တန်ဆောင်း အစရှိသည်တို့ကို စောင့်ရှောက်လျက်ရှိကြသည့် နတ်အစရှိသော ပုဂ္ဂိုလ်ဟူသမျှတို့သည် လည်းကောင်း၊

၁၀။ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ မြို့နယ်စောင့်နတ်၊ ခရိုင်စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်နယ်စောင့်နတ်၊ နိုင်ငံတကာစောင့်နတ်၊ ကမ္ဘာစောင့်နတ် ဟူသမျှတို့သည် လည်းကောင်း၊

၁၁။ တိုက်စောင့်နတ်၊ အိမ်စောင့်နတ်၊ တဲစောင့်နတ်၊ ကိုယ်စောင့်နတ် ဟူသမျှတို့သည် လည်းကောင်း၊

၁၂။ လယ်စောင့်နတ်၊ ယာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် ဟူသမျှတို့သည်လည်းကောင်း၊

၁၃။ မြစ်စောင့်နတ်၊ ချောင်းစောင့်နတ်၊ ရေတွင်း ရေကန်၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာ၊ ကျွန်း၊ သောင် အစရှိသည်တို့ကို စောင့်ရှောက်တော်မူလျက်ရှိကြသည့် နတ်ဟူသမျှတို့သည်လည်းကောင်း၊

၁၄။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပဿီ၊ အထက်ဆရာကြီးဟူ သမျှတို့သည်လည်းကောင်း၊

၁၅။ နဂါး၊ ဂဠုန်၊ ယက္ခ၊ ဂုမ္ဘာန်၊ ရက္ခိုက်ဟူသမျှ တို့သည်လည်းကောင်း၊

၁၆။ မိရိုးဖလာဆိုင်ရာ ပိုင်ရာ နတ်ဟူသမျှတို့သည်လည်း ကောင်း၊

၁၇။ အစပြု၍ အထက်ဘဝဂ် အောက်အဝီစိ နှံ့သိ စကြဝဠာ ဖီလာထုတ်ခြင်း အကြွင်းမရှိ သုံး ဆယ့်တစ်ဘုံ ကျင်လည်ကြပါကုန်သော လူနတ် ပြဟ္မာ၊ အပါယ်လေးဘုံသူ လေးဘုံသားတို့ပါ မကျန် သဗ္ဗေသတ္တာ သတ္တဝါဟူသမျှတို့သည် လည်းကောင်း၊

အကျွန်ုပ်တို့၏ကောင်းမှုကုသိုလ်ဟူသမျှကို အကျွန်ုပ် တို့နှင့်အတူ ထပ်တူထပ်မျှရကြ၍ အလွန် ဝမ်းမြောက် ဝမ်းသာ ကောင်းချီးနှုတ်မြွက် သာဓုခေါ်တော်မူနိုင်ကြပါ စေသောဝ်။

"အမျှ....အမျှ....အမျှ"

* * *

## အထူးမှာကြားချက်

ဤအမျှဝေစာတမ်းကို ရေးသားရာ၌ ရေးသားသူများ၏စေတနာမှာ အခြားမဟုတ် ပြည့်စုံနိုင်သမျှပြည့်စုံစေချင်သောစေတနာဖြစ်ပါသည်၊ သို့ရာတွင် ထိုစေတနာကြောင့် အဆမတန်ကျယ်ဝန်းသွားမည်ကိုလည်း အထူးစိုးရိမ်ကြပါသည်၊ သို့ဖြစ်ပါသောကြောင့် စာတမ်းကိုအကျဉ်းချုံးနိုင်သမျှ ချုံးထားပါသည်။

အလှူရှင်တို့သည် မိမိတို့ သဘောကျရာအမည် နာမများကို မိမိတို့ကြိုက်သလို ဖြည့်စွက်နိုင်ကြပါသည်။

ဥပမာ။ ။အပိုဒ်(၉)တွင် "စေတီတော်၊ ပုထိုးတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်" အစရှိသဖြင့် သာမန်မျှဖော်ပြထားပါသည်။

ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ ကမ္ဘာအေးစေတီတော်တို့ကို ထည့်သွင်းလိုသောကုသိုလ်ရှင်များတို့သည် အောက်ပါအတိုင်းဖြည့်စွက်နိုင်ကြပါသည်။

၉။ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ ကမ္ဘာအေးစေတီတော် အစရှိသော စေတီတော် ပုထိုးတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်.... ဟူ၍ ဖြည့်စွက်ပြီး အမျှဝေနိုင်ကြပါသည်။

| | |
|---|---|
| **ဖြန့်ချိရေး** | ပဒေသာစာပေအတွက်<br>ဂုဏ်ထူးစာပေ မှ ဖြန့်ချိသည်။<br>၂၀၉-၃၃ လမ်း၊ရန်ကုန်မြို့။ဖုန်း-၇၄၅၁၀။<br><br>စာမူခွင့်ပြုချက်အမှတ် (၃၄၂)<br>မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၂၂၉)<br><br>၁၉၈၈-ခု၊ နိုဝင်ဘာလ<br><br>အုပ်ရေ-၅၀၀၀ |
| **တန်ဖိုး** | ၈-ကျပ် |
| **ထုတ်ဝေသူ** | ဒေါ်စန်းစန်းနု (၀၂၉၈၀)<br>ပဒေသာစာပေ<br>အမှတ် ၂၉၆၊ ၁၃-အရှေ့ရန်ကင်း၊ ရန်ကုန်။ |
| **ပုံနှိပ်သူ** | မစ္စတာမူ(လိ)ရာ(ဂျ်)ဆေး(ဂျ်)ပါး(လ်)<br>(၀၁၈၂၈)<br>တောက်တောက်ဝင်းပုံနှိပ်တိုက်၊<br>အမှတ် ၁၄၃၊ ၃၇-လမ်း၊ ရန်ကုန်မြို့။ |
| **အဖုံးဒီဇိုင်း** | ဦးမြင့်မောင် |
| **အဖုံးရိုက်** | တောက်တောက်ဝင်း |

ဗုဒ္ဓဝင်အကျဉ်း

ပထမ သံဂါယနာသမိုင်း

ဒုတိယ သံဂါယနာသမိုင်း—တို့ဖြင့်

တန်ဆာဆင်အပ်သော

# ဆဋ္ဌသံဂါယနာသမိုင်းတော်ကြီး
# ပထမတွဲ

အရှင်ကေလာသ–ဓမ္မာစရိယ, ဂဏဝါစက

ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

ပြုစုရေးသားသည်

မကြာမီ ထွက်ပါမည်။

သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယစ ဗောဓိယာ။

ဧတေန သစ္စဝဇ္ဇေန၊
ဟောတ္တု တေ ဖေးတု သဗ္ဗဒါ။

သိသင့်သိထိုက်သော တရားတို့ကို မျက်ဝါးထင်ထင် သိမြင်ခြင်းအကျိုးငှာလည်းကောင်း၊ အရဟတ္တ မဂ်ဉာဏ်တိုင်အောင် သစ္စာလေးပါးတို့ကို ထိုးထွင်း သိမြင်ခြင်း အကျိုးငှါလည်းကောင်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းရာအမှန် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုးငှါလည်းကော… ကောင်းစွာဖြစ်ကုန်၏၊ ဤသို့မှန်စွာဆိုသော သစ္စာ… ကြောင့် သင့်အား အခါခပ်သိမ်း ဆင်းရဲ လွတ်… ချမ်းသာအေးမြခြင်း ဖြစ်ပါစေသတည်း။

၂၆